မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၄၃ ] ရန်ကုန်မြို့ { ၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက် ( ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက် ) } သောကြာနေ့ [ အတွဲ ၆၈

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ်၊ ၂၂/၂၀၁၅**

၁၃၇၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်

( ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက် )

**ဒုတိယဝန်ကြီးပြောင်းလဲတာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ဃ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၉) တို့ပါ ပြဋ္ဌာန်းချက်များအရ သမ္မတရုံးဝန်ကြီးဌာန (၄) ဒုတိယဝန်ကြီး ဦးအောင်သိမ်း အား ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ်၊ ၆၂/၂၀၁၅**

၁၃၇၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်

( ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက် )

**ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများ ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနအောက်ရှိ ကွန်ပျူတာတက္ကသိုလ် (ပြည်) မှ ပါမောက္ခချုပ် ဒေါက်တာဒေါ်စောစန္ဒာအေး အား သတင်းအချက်အလက်နည်းပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဦးတင်စိုး<br>အထွေထွေမန်နေဂျာ (ထုတ်လုပ်ရေး)<br>မြန်မာ့သဘော်ာကျင်းလုပ်ငန်း<br>ပို့ဆောင်ရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့သဘော်ာကျင်းလုပ်ငန်း<br>ပို့ဆောင်ရေးဝန်ကြီးဌာန |
| (ခ) | ဒေါ်အေးအေးဝင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန |

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၈၁/၂၀၁၅)

၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်
( ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက် )

## ကချင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းခြင်း

၁။ ကချင်ပြည်နယ်အတွင်းဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့်စပ်လျဉ်း၍ ဘေးမဖြစ်ပွားမီ၊ ဘေးဖြစ်ပွားနေစဉ်၊ ဘေးဖြစ်ပွားပြီး ဆောင်ရွက်ရမည့် လုပ်ငန်းများကို အနီးကပ်ကြီးကြပ်၍ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၇ အရ **"ကချင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့"** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | ပြည်နယ်တရားသူကြီးချုပ်၊ ကချင်ပြည်နယ်တရားလွှတ်တော် | အဖွဲ့ဝင် |
| (ဂ) | ဝန်ကြီးများအားလုံး၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဃ) | ပြည်နယ်ဥပဒေချုပ်၊ ကချင်ပြည်နယ်ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| (င) | ပြည်နယ်စာရင်းစစ်ချုပ်၊ ကချင်ပြည်နယ်စာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (စ) | တိုင်းဦးစီး (ဗိုလ်မှူးကြီး)၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (ဆ) | ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| (ဇ) | ပြည်နယ်ဦးစီးမှူး၊ ပြည်နယ်မီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူး၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူး၊ ပြည်နယ်ဆည်မြောင်းနှင့်ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | ပြည်နယ်ဦးစီးမှူး၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |

(ဍ) ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာမှူး၊ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာမှူးရုံး — အဖွဲ့ဝင်

(ဎ) ညွှန်ကြားရေးမှူး၊ ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန — အဖွဲ့ဝင်

(ဏ) ညွှန်ကြားရေးမှူး၊ ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံး — အဖွဲ့ဝင်

(တ) ပြည်နယ်ဦးစီးဌာနမှူး၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန — အဖွဲ့ဝင်

(ထ) ပြည်နယ်ဦးစီးဌာနမှူး၊ ပြည်နယ်ကုသရေးဦးစီးဌာန — အဖွဲ့ဝင်

(ဒ) ညွှန်ကြားရေးမှူး၊ လမ်းဦးစီးဌာန (မြို့ပြ) — အဖွဲ့ဝင်

(ဓ) ပြည်နယ်မန်နေဂျာ၊ မြန်မာ့မီးရထား — အဖွဲ့ဝင်

(န) ဒုတိယညွှန်ကြားရေးမှူး၊ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန — အဖွဲ့ဝင်

(ပ) ဒုတိယညွှန်ကြားရေးမှူး၊ ပြည်နယ်ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန — အဖွဲ့ဝင်

(ဖ) တာဝန်ခံအရာရှိ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း — အဖွဲ့ဝင်

(ဗ) ဒုတိယညွှန်ကြားရေးမှူး၊ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန — အဖွဲ့ဝင်

(ဘ) ပြည်နယ်ရောင်းဝယ်ရေးအရာရှိ၊ ပြည်နယ်မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း — အဖွဲ့ဝင်

(မ) ဥက္ကဋ္ဌ၊ ကချင်ပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့ — အဖွဲ့ဝင်

(ယ) ဥက္ကဋ္ဌ၊ ကချင်ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း — အဖွဲ့ဝင်

(ရ) ဥက္ကဋ္ဌ၊ ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ — အဖွဲ့ဝင်

(လ) ဦးစီးမှူး (ပထမတန်း)၊ ပြည်နယ်ကြက်ခြေနီအသင်း — အဖွဲ့ဝင်

(ဝ) သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာပညာရှင်များ/ကျွမ်းကျင်သူများ — အဖွဲ့ဝင်

(သ) အများကြည်ညိုလေးစားသောပုဂ္ဂိုလ်များ — အဖွဲ့ဝင်

(ဟ) အတွင်းရေးမှူး၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ — အတွင်းရေးမှူး

(ဠ) ပြည်နယ်ဦးစီးမှူး၊ ကချင်ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန — တွဲဖက်အတွင်းရေးမှူး

၂။ ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ၊ ၂၀၁၃ ခုနှစ်၊ ပုဒ်မ ၉ တွင် ပြဋ္ဌာန်းထားသည့်အတိုင်းဖြစ်ပါသည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၈၂/၂၀၁၅)

၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်
( ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက် )

## ကယားပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းခြင်း

၁။ ကယားပြည်နယ်အတွင်းဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့်စပ်လျဉ်း၍ ဘေးမဖြစ်ပွားမီ၊ ဘေးဖြစ်ပွားနေစဉ်၊ ဘေးဖြစ်ပွားပြီး ဆောင်ရွက်ရမည့်လုပ်ငန်းများကိုအနီးကပ်ကြီးကြပ်၍ ထိရောက်စွာ

ဆောင်ရွက်နိုင်ရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၇ အရ **"ကယားပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့"** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | ပြည်နယ်တရားသူကြီးချုပ် | အဖွဲ့ဝင် |
| (ဂ) | ပြည်နယ်ဝန်ကြီးများအားလုံး | အဖွဲ့ဝင် |
| (ဃ) | ပြည်နယ်ဥပဒေချုပ် | အဖွဲ့ဝင် |
| (င) | ပြည်နယ်စာရင်းစစ်ချုပ် | အဖွဲ့ဝင် |
| (စ) | ဒုတိယဒေသကွပ်ကဲရေးမှူး၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လွိုင်ကော်) | အဖွဲ့ဝင် |
| (ဆ) | ပြည်နယ်ရဲတပ်ဖွဲ့မှူး | အဖွဲ့ဝင် |
| (ဇ) | ပြည်နယ်မီးသတ်ဦးစီးဌာနမှူး၊ ပြည်နယ်မီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ခေတ္တညွှန်ကြားရေးမှူး၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ည) | ပြည်နယ်ဦးစီးမှူး၊ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | ပြည်နယ်မန်နေဂျာ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ လွိုင်ကော် | အဖွဲ့ဝင် |
| (ဌ) | ပြည်နယ်ဦးစီးမှူး၊ ပြည်နယ်မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဍ) | ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ၊ ပြည်နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | အဖွဲ့ဝင် |
| (ဎ) | ပြည်နယ်ဦးစီးဌာနမှူး၊ ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူး၊ ပြည်နယ်ပညာရေးမှူးရုံး | အဖွဲ့ဝင် |
| (တ) | ပြည်သူ့ဦးစီးဌာနမှူး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ထ) | ညွှန်ကြားရေးမှူး၊ ပြည်နယ်လမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဒ) | ပြည်နယ်ဦးစီးမှူး၊ ပြည်နယ်မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဓ) | အကြီးတန်းဆိုင်မန်နေဂျာ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ လွိုင်ကော် | အဖွဲ့ဝင် |
| (န) | ရုံပိုင်ကြီး၊ မြန်မာ့မီးရထား၊ လွိုင်ကော် | အဖွဲ့ဝင် |
| (ပ) | ဦးစီးမှူး (ပ)၊ ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့ | အဖွဲ့ဝင် |
| (ဖ) | ဥက္ကဋ္ဌ၊ ပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့ | အဖွဲ့ဝင် |
| (ဗ) | ဥက္ကဋ္ဌ၊ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း | အဖွဲ့ဝင် |
| (ဘ) | ဥက္ကဋ္ဌ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ | အဖွဲ့ဝင် |
| (မ) | သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာပညာရှင်များ/ကျွမ်းကျင်သူများ | အဖွဲ့ဝင် |
| (ယ) | အများကြည်ညိုလေးစားသောပုဂ္ဂိုလ်များ | အဖွဲ့ဝင် |
| (ရ) | အတွင်းရေးမှူး၊ ပြည်နယ်အစိုးရအဖွဲ့ | အတွင်းရေးမှူး |
| (လ) | ပြည်နယ်ဦးစီးမှူး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ၊ ၂၀၁၃ ခုနှစ်၊ ပုဒ်မ ၉ တွင် ပြဋ္ဌာန်းထားသည့်အတိုင်းဖြစ်ပါသည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၈၃/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်

( ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက် )

**ကရင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ ကရင်ပြည်နယ်အတွင်းဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့်စပ်လျဉ်း၍ ဘေးမဖြစ်ပွားမီ၊ ဘေးဖြစ်ပွားနေစဉ်၊ ဘေးဖြစ်ပွားပြီး ဆောင်ရွက်ရမည့် လုပ်ငန်းများကို အနီးကပ်ကြီးကြပ်၍ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၇ အရ **"ကရင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့"** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်နယ်ဝန်ကြီးချုပ်၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် | အဖွဲ့ဝင် |
| (ဂ) | ဝန်ကြီးများအားလုံး၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဃ) | ပြည်နယ်ဥပဒေချုပ် | အဖွဲ့ဝင် |
| (င) | ပြည်နယ်စာရင်းစစ်ချုပ် | အဖွဲ့ဝင် |
| (စ) | ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ကရင်ပြည်နယ်ရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (ဆ) | စစ်ဦးစီးမှူး(ပထမတန်း)(ဦး၊ရေး၊ထောက်)၊ အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ် | အဖွဲ့ဝင် |
| (ဇ) | ပြည်နယ်ဦးစီးမှူး၊ ပြည်နယ်မီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူး၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ည) | ပြည်နယ်ဦးစီးမှူး၊ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | ပြည်နယ်ဦးစီးမှူး၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဌ) | ပြည်နယ်မန်နေဂျာ၊ မြန်မာ့ဆက်သွယ်ရေး | အဖွဲ့ဝင် |
| (ဍ) | ပြည်နယ်ဦးစီးမှူး၊ လုပ်ငန်းလိုင်စင်နှင့်သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုဌာနခွဲ | အဖွဲ့ဝင် |
| (ဎ) | ပြည်နယ်ဦးစီးမှူး၊ ပြည်နယ်မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူး၊ ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန | အဖွဲ့ဝင် |
| (တ) | ညွှန်ကြားရေးမှူး၊ ပြည်နယ်ပညာရေးမှူးရုံး | အဖွဲ့ဝင် |
| (ထ) | ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး | အဖွဲ့ဝင် |
| (ဒ) | ညွှန်ကြားရေးမှူး၊ ပြည်နယ်လမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဓ) | ညွှန်ကြားရေးမှူး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (န) | အင်ဂျင်နီယာမှူး၊ မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | အဖွဲ့ဝင် |
| (ပ) | လက်ထောက်အင်ဂျင်နီယာ၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဖ) | အကြီးတန်းမန်နေဂျာ၊ ရေနံထွက်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (ဗ) | ဥက္ကဋ္ဌ၊ စစ်မှုထမ်းဟောင်းအဖွဲ့ | အဖွဲ့ဝင် |
| (ဘ) | ဥက္ကဋ္ဌ၊ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ | အဖွဲ့ဝင် |
| (မ) | ဥက္ကဋ္ဌ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ | အဖွဲ့ဝင် |

(ယ) ဦးစီးမှူး (ပထမတန်း)၊ ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီ — အဖွဲ့ဝင်

(ရ) သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဆိုင်ရာပညာရှင်များ/ကျွမ်းကျင်သူများ — အဖွဲ့ဝင်

(လ) အများကြည်ညိုလေးစားသောပုဂ္ဂိုလ်များ — အဖွဲ့ဝင်

(ဝ) အတွင်းရေးမှူး၊ ပြည်နယ်အစိုးရအဖွဲ့ — အတွင်းရေးမှူး

(သ) ပြည်နယ်ဦးစီးမှူး၊ ကရင်ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန — တွဲဖက်အတွင်းရေးမှူး

၂။ ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ၊ ၂၀၁၃ ခုနှစ်၊ ပုဒ်မ ၉ တွင် ပြဋ္ဌာန်းထားသည့်အတိုင်းဖြစ်ပါသည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၁၅)

၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်
( ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက် )

### ချင်းပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းခြင်း

၁။ ချင်းပြည်နယ်အတွင်းဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့်စပ်လျဉ်း၍ ဘေးမဖြစ်ပွားမီ၊ ဘေးဖြစ်ပွားနေစဉ်၊ ဘေးဖြစ်ပွားပြီး ဆောင်ရွက်ရမည့် လုပ်ငန်းများကို အနီးကပ်ကြီးကြပ်၍ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၇ အရ **"ချင်းပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့"** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

(က) ဝန်ကြီးချုပ်၊ ချင်းပြည်နယ်အစိုးရအဖွဲ့ — ဥက္ကဋ္ဌ

(ခ) ပြည်နယ်တရားသူကြီးချုပ်၊ ချင်းပြည်နယ်အစိုးရအဖွဲ့ — အဖွဲ့ဝင်

(ဂ) ဝန်ကြီးများအားလုံး၊ ချင်းပြည်နယ်အစိုးရအဖွဲ့ — အဖွဲ့ဝင်

(ဃ) ပြည်နယ်ဥပဒေချုပ်၊ ချင်းပြည်နယ်အစိုးရအဖွဲ့ — အဖွဲ့ဝင်

(င) ပြည်နယ်စာရင်းစစ်ချုပ်၊ ချင်းပြည်နယ်အစိုးရအဖွဲ့ — အဖွဲ့ဝင်

(စ) ဗျူဟာမှူး၊ စစ်ဗျူဟာအခြေချ (ဟားခါး) — အဖွဲ့ဝင်

(ဆ) ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ချင်းပြည်နယ်ရဲတပ်ဖွဲ့ — အဖွဲ့ဝင်

(ဇ) ပြည်နယ်ဦးစီးမှူး၊ ချင်းပြည်နယ်မီးသတ်ဦးစီးဌာန — အဖွဲ့ဝင်

(ဈ) ပြည်နယ်ဦးစီးမှူး၊ ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ — အဖွဲ့ဝင်

(ည) ပြည်နယ်ဦးစီးမှူး၊ ချင်းပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန — အဖွဲ့ဝင်

(ဋ) ပြည်နယ်ဦးစီးမှူး၊ ချင်းပြည်နယ်ဆည်မြောင်းဦးစီးဌာန — အဖွဲ့ဝင်

(ဌ) ပြည်နယ်မန်နေဂျာ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ချင်းပြည်နယ် — အဖွဲ့ဝင်

(ဍ) ပြည်နယ်ဦးစီးမှူး၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန — အဖွဲ့ဝင်

(ဎ) ပြည်နယ်ဦးစီးမှူး၊ ချင်းပြည်နယ်လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းမှုဦးစီးဌာန — အဖွဲ့ဝင်

(ဏ) ပြည်နယ်အင်ဂျင်နီယာ၊ မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း — အဖွဲ့ဝင်
(တ) ပြည်နယ်ဦးစီးမှူး၊ ချင်းပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန — အဖွဲ့ဝင်
(ထ) ပြည်နယ်ရောင်းဝယ်ရေးအရာရှိ၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း — အဖွဲ့ဝင်
(ဒ) ညွှန်ကြားရေးမှူး၊ ချင်းပြည်နယ်ပညာရေးဦးစီးဌာန — အဖွဲ့ဝင်
(ဓ) ပြည်နယ်ဦးစီးမှူး၊ ချင်းပြည်နယ်ကျန်းမာရေးဦးစီးဌာန — အဖွဲ့ဝင်
(န) ညွှန်ကြားရေးမှူး၊ ချင်းပြည်နယ်လမ်းဦးစီးဌာန — အဖွဲ့ဝင်
(ပ) ပြည်နယ်ဦးစီးမှူး၊ ချင်းပြည်နယ်မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန — အဖွဲ့ဝင်
(ဖ) ဥက္ကဋ္ဌ၊ ချင်းပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့ — အဖွဲ့ဝင်
(ဗ) ဥက္ကဋ္ဌ၊ ချင်းပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း — အဖွဲ့ဝင်
(ဘ) ဥက္ကဋ္ဌ၊ ချင်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ — အဖွဲ့ဝင်
(မ) ကိုယ်စားလှယ်(၁)ဦး၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ချင်းပြည်နယ် — အဖွဲ့ဝင်
(ယ) သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဆိုင်ရာပညာရှင်များ/ကျွမ်းကျင်သူများ — အဖွဲ့ဝင်
(ရ) အများကြည်ညိုလေးစားသောပုဂ္ဂိုလ်များ — အဖွဲ့ဝင်
(လ) အတွင်းရေးမှူး၊ ချင်းပြည်နယ်အစိုးရအဖွဲ့ — အတွင်းရေးမှူး
(ဝ) ပြည်နယ်ဦးစီးမှူး ချင်းပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန — တွဲဖက်အတွင်းရေးမှူး

၂။ ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ၊ ၂၀၁၃ ခုနှစ်၊ ပုဒ်မ ၉ တွင် ပြဋ္ဌာန်းထားသည့်အတိုင်းဖြစ်ပါသည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

**အမိန့်ကြော်ငြာစာအမှတ် (၈၅/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်
( ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက် )

**စစ်ကိုင်းတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့်စပ်လျဉ်း၍ ဘေးမဖြစ်ပွားမီ၊ ဘေးဖြစ်ပွားနေစဉ်၊ ဘေးဖြစ်ပွားပြီး ဆောင်ရွက်ရမည့် လုပ်ငန်းများကို အနီးကပ်ကြီးကြပ်၍ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၇ အရ **"စစ်ကိုင်းတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့"** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

(က) ဝန်ကြီးချုပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ — ဥက္ကဋ္ဌ
(ခ) တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော် — အဖွဲ့ဝင်

| | | |
|---|---|---|
| (ဂ) | ဝန်ကြီးများအားလုံး၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဃ) | တိုင်းဒေသကြီးဥပဒေချုပ်<br>စစ်ကိုင်းတိုင်းဒေသကြီးဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| (င) | တိုင်းဒေသကြီးစာရင်းစစ်ချုပ်<br>စစ်ကိုင်းတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (စ) | တိုင်းဦးစီး(ဗိုလ်မှူးကြီး)၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (ဆ) | တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး<br>စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| (ဇ) | တိုင်းဒေသကြီးဦးစီးမှူး<br>စစ်ကိုင်းတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန၊ မုံရွာမြို့ | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူး<br>စစ်ကိုင်းတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ည) | တိုင်းဒေသကြီးဦးစီးမှူး<br>တိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | တိုင်းဒေသကြီးဦးစီးမှူး<br>တိုင်းဒေသကြီးရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဌ) | တိုင်းဒေသကြီးမန်နေဂျာ<br>စစ်ကိုင်းတိုင်းဒေသကြီးမြန်မာ့ဆက်သွယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (ဍ) | တိုင်းဒေသကြီးဦးစီးမှူး<br>စစ်ကိုင်းတိုင်းဒေသကြီးမိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဎ) | တိုင်းဒေသကြီးဦးစီးမှူး<br>စစ်ကိုင်းတိုင်းဒေသကြီးရေအရင်းအမြစ်နှင့်မြစ်ချောင်းများ<br>ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဏ) | တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာ<br>တိုင်းဒေသကြီးလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | အဖွဲ့ဝင် |
| (တ) | တိုင်းဒေသကြီးဦးစီးမှူး<br>လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ထ) | တိုင်းဒေသကြီးရောင်းဝယ်ရေးအရာရှိ<br>မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (ဒ) | ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးပညာရေးညွှန်ကြားရေးမှူးရုံး | အဖွဲ့ဝင် |
| (ဓ) | တိုင်းဒေသကြီးဦးစီးမှူး<br>စစ်ကိုင်းတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (န) | ညွှန်ကြားရေးမှူး<br>စစ်ကိုင်းတိုင်းဒေသကြီးလမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (ပ) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီးမြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဖ) | တိုင်းဒေသကြီးမန်နေဂျာ<br>မြန်မာ့မီးရထား(သွားလာရေး၊ တိုင်း)၊အမှတ်(၂)တိုင်းရှာထောင်<br>စစ်ကိုင်းမြို့နယ် | အဖွဲ့ဝင် |
| (ဗ) | ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးစစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ | အဖွဲ့ဝင် |

(ဘ) ဥက္ကဋ္ဌ၊ စစ်ကိုင်းတိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင်

(မ) ဥက္ကဋ္ဌ၊ စစ်ကိုင်းတိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင်

(ယ) ဦးစီးမှူး (ပထမတန်း) စစ်ကိုင်းတိုင်းဒေသကြီးကြက်ခြေနီတပ်ဖွဲ့ အဖွဲ့ဝင်

(ရ) သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာပညာရှင်များ/ကျွမ်းကျင်သူများ အဖွဲ့ဝင်

(လ) အများကြည်ညိုလေးစားသောပုဂ္ဂိုလ်များ အဖွဲ့ဝင်

(ဝ) တိုင်းဒေသကြီးအတွင်းရေးမှူး၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး

(သ) တိုင်းဒေသကြီးဦးစီးမှူး စစ်ကိုင်းတိုင်းဒေသကြီးကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန တွဲဖက်အတွင်းရေးမှူး

၂။ တိုင်းဒေသကြီးသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ၊ ၂၀၁၃ ခုနှစ်၊ ပုဒ်မ ၉ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဖြစ်ပါသည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၁/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်
( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက် )

**သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်း** အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန် ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေ (မူကြမ်း)

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၇ ခုနှစ်၊ လ ရက်
( ၂၀၁၅ ခုနှစ်၊ ဇွန်လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **သိပ္ပံ**ဆိုသည်မှာ သဘာဝတရား၏ ဖြစ်ပျက်ပြောင်းလဲမှုတို့နှင့် ထိုဖြစ်ပျက်ပြောင်းလဲမှုတို့၏ အကြောင်းအကျိုးအမှန်တို့ကို နည်းစနစ်ကျနစွာ လေ့လာအသုံးချနိုင်သော ပညာရပ်ကိုဆိုသည်။

(ခ) **နည်းပညာ**ဆိုသည်မှာ နည်းစဉ်၊ ကျွမ်းကျင်မှု၊ အသိပညာနှင့် အတတ်ပညာတို့ပေါင်းစပ်ထားခြင်းဖြစ်ပြီး သဘာဝသယံဇာတအရင်းအမြစ်များနှင့် လူ့စွမ်းအားအရင်းအမြစ်များမှ ကုန်ထုတ်လုပ်မှုအကျိုးဖြစ်ထွန်းစေသည့် လုပ်ငန်းစဉ်ကျွမ်းကျင်မှုကို ဆိုသည်။

(ဂ) **ဆန်းသစ်တီထွင်မှု**ဆိုသည်မှာ မူလစိတ်ကူးစိတ်သန်း၊ ထုတ်ကုန်၊ နည်းပညာတစ်ခုခုကို အခြေခံလျက် ထူးခြားဆန်းသစ်သော တီထွင်ကြံဆမှုတို့ဖြင့် ပိုမိုကောင်းမွန်သော၊ ကွဲပြားခြားနားသော၊ အဖိုးတန်သော စိတ်ကူးစိတ်သန်းများ၊ ထုတ်ကုန်များ၊ နည်းပညာများကို ဖော်ထုတ်ခြင်း၊ အသုံးချခြင်းကို ဆိုသည်။

(ဃ) **သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာလေ့ကျင့်သင်ကြားရေးလုပ်ငန်းများ**ဆိုသည်မှာ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကို အခြေခံသည့် အဖွဲ့အစည်း၊ လုပ်ငန်း၊ ဌာန၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျောင်းများမှ ဆောင်ရွက်လျက်ရှိသည့် အသိပညာ၊ အတတ်ပညာများ လေ့ကျင့်သင်ကြားခြင်း လုပ်ငန်းများကိုဆိုသည်။

(င) **သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ**ဆိုသည်မှာ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုကိုအခြေခံသည့် အသိပညာနှင့် အတတ်ပညာများပါဝင်သော အသိဉာဏ်ပစ္စည်းပိုင်ဆိုင်မှုကို တစ်နည်းနည်းအသုံးချဆောင်ရွက်ခြင်းလုပ်ငန်းများ၊ မူပိုင်ခွင့်ကာကွယ်စောင့်ရှောက်ခြင်းလုပ်ငန်းများနှင့် အကြံပေးခြင်းလုပ်ငန်းများကို ဆိုသည်။

(စ) **သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုဆိုင်ရာ ထုတ်လုပ်မှုလုပ်ငန်းများ**ဆိုသည်မှာ သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုကို အခြေခံသည့် ထုတ်လုပ်မှုနည်းပညာတစ်ခုအတွင်း ကုန်ကြမ်း သို့မဟုတ် မူလပစ္စည်းတစ်ခုခုမှ အခြားပစ္စည်းအသစ်တစ်ခုခုသို့ ပြောင်းလဲထုတ်လုပ်ပေးသည့် လုပ်ငန်းများကို ဆိုသည်။

(ဆ) **သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများ**ဆိုသည်မှာ သိပ္ပံနည်းကျစွာစူးစမ်းလေ့လာမှုများကို လက်တွေ့ပြုလုပ်ဆောင်ရွက်ခြင်းဖြင့် တွေ့ရှိချက်များအပေါ် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည့် နည်းပညာများဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ပေးသည့် လုပ်ငန်းများကိုဆိုသည်။

(ဇ) **သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းများ**ဆိုသည်မှာ သိပ္ပံနယ်ပယ်တွင် လက်တွေ့အသုံးပြုလျက်ရှိသည့် အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုများစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သည့် သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများ၊ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ လေ့ကျင့်သင်ကြားရေးလုပ်ငန်းများ၊ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများနှင့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ထုတ်လုပ်မှုလုပ်ငန်းများကို ဆိုသည်။

(ဈ) **အမျိုးသားအဆင့်သုတေသနလုပ်ငန်းများ**ဆိုသည်မှာ နိုင်ငံတော်လိုအပ်ချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့မှ တာဝန်ပေးဆောင်ရွက်စေသော သုတေသနလုပ်ငန်းများကို ဆိုသည်။

(ည) **နည်းပညာလွှဲပြောင်းရေး**ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုမှ နည်းပညာတစ်စိတ်တစ်ပိုင်းကိုသော်လည်းကောင်း၊ နည်းပညာအားလုံးကိုသော်လည်းကောင်း ပိုင်ဆိုင်အသုံးပြုရေးအတွက် ဤဥပဒေနှင့်အညီလွှဲပြောင်းခြင်းကို ဆိုသည်။

(ဠ) **ကောင်စီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ကောင်စီကို ဆိုသည်။

(ဋ) **သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာကော်မတီများ**ဆိုသည်မှာ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုနယ်ပယ်တစ်ခုချင်းအလိုက် ကောင်စီ၏ အောက်တွင် ဖွဲ့စည်းထားရှိသော သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်အဖွဲ့များကို ဆိုသည်။

(ဍ) **ကောင်စီအဖွဲ့ရုံး**ဆိုသည်မှာ ကောင်စီနှင့်သက်ဆိုင်သည့် ရုံးလုပ်ငန်းတာဝန်များကို စီစဉ်ဆောင်ရွက်ပေးရသည့် အဖွဲ့ရုံးကို ဆိုသည်။

(ဎ) **သက်ဆိုင်ရာဝန်ကြီးဌာနများ**ဆိုသည်မှာ သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် ဝန်ကြီးဌာနများကို ဆိုသည်။

(ဏ) **တာဝန်ခံဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနကို ဆိုသည်။

(တ) **ဦးစီးဌာန**ဆိုသည်မှာ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနကို ဆိုသည်။

(ထ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) အမျိုးသားလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမည့် ကုန်ထုတ်လုပ်ငန်း တိုးတက်ရေးအတွက် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်၊

(ခ) စွမ်းအင်၊ ဓာတ်သတ္တုနှင့် အခြားသယံဇာတအရင်းအမြစ်များအား စနစ်တကျထုတ်ယူသုံးစွဲနိုင်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် ခေတ်မီသိပ္ပံနှင့်နည်းပညာကို အခြေခံသည့် သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်နိုင်ရန်၊

(ဂ) ပြည်တွင်းကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားပြီး နိုင်ငံတကာဈေးကွက်တွင် ရင်ပေါင်တန်းယှဉ်ပြိုင်နိုင်ရေးအတွက် သုတေသနရလဒ်များမှ နည်းပညာပြန့်ပွားရေးနှင့် နည်းပညာလွှဲပြောင်းရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်၊

(ဃ) သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုလုပ်ငန်းများအတွက် ကျွမ်းကျင်ပညာရှင်များ စဉ်ဆက်မပြတ် ရရှိရန် လေ့ကျင့်ပညာပေးခြင်းကို ဆောင်ရွက်နိုင်ရန်၊

(င) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းများ၊ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု လုပ်ငန်းနယ်ပယ်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အောင်မြင် တိုးတက်ရေးအတွက် ပြည်တွင်း၊ ပြည်ပရှိ သုတေသနဌာနများ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများ၊ စက်မှုကုန်ထုတ်လုပ်ငန်းများနှင့် အခြားအဖွဲ့အစည်းများအကြား အချင်းချင်းဆက်သွယ်ပူးပေါင်း ဆောင်ရွက်နိုင်ရန်၊

(စ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုနယ်ပယ်မှ ထူးချွန်သော ပညာရှင်များနှင့် ဆန်းသစ်တီထွင်သူများအား ဂုဏ်ပြုချီးမြှင့်နိုင်ရန်၊ ယင်းတို့၏ မူပိုင်ခွင့်များကို အလေးထားရန်၊ အကာအကွယ် ပေးရန်နှင့် ထိုက်သင့်သော အကျိုးခံစားခွင့်များရရှိစေရန်၊

(ဆ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ရန်ပုံငွေဖြင့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု လုပ်ငန်းနယ်ပယ်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေး၊ ဆန်းသစ်တီထွင်ဖန်တီးမှု များနှင့် ဈေးကွက်စီးပွားရေးကို အားပေးသော သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်။

## အခန်း (၃)
## အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ကောင်စီဖွဲ့စည်းခြင်း

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကောင်စီကို အဖွဲ့ဝင် ၆၀ ဦးထက်မပိုသော ပုဂ္ဂိုလ်များဖြင့် အောက်ပါအတိုင်းဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်တစ်ဦး | ဥက္ကဋ္ဌ |
| (၂) | သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ သို့မဟုတ် ဒုတိယဝန်ကြီးများ | အဖွဲ့ဝင်များ |
| (၃) | သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ အကြီးအမှူးများ | အဖွဲ့ဝင်များ |
| (၄) | သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းနယ်ပယ်အလိုက် ထင်ပေါ်ကျော်ကြားသည့် နိုင်ငံ့အကျိုးပြုပညာရှင်များ | အဖွဲ့ဝင်များ |
| (၅) | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီး | အတွင်းရေးမှူး |
| (၆) | ဦးစီးဌာန၏ အကြီးအမှူး | တွဲဖက်အတွင်းရေးမှူး |

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသောကောင်စီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ကောင်စီ၏သက်တမ်းသည် တစ်ကြိမ်လျှင် လေးနှစ်ဖြစ်သည်။

၆။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီအဖွဲ့ဝင်များသည် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် ချီးမြှင့်ငွေနှင့်စရိတ်များကို ခံစားခွင့်ရှိသည်။

## အခန်း (၄)
## ကောင်စီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၇။ ကောင်စီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေပါရည်ရွယ်ချက်များကို ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မူဝါဒများ ချမှတ်ခြင်း၊

(ခ) အစိုးရအဖွဲ့နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများနှင့် စက်မှုကုန်ထုတ်လုပ်ငန်းများက ဆောင်ရွက်လျက်ရှိသည့် သုတေသနအခြေပြုသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လမ်းညွှန်ခြင်း၊ အားပေးခြင်း၊ အထောက်အကူပြုခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဂ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ပညာရှင်များမွေးထုတ်ရန်နှင့် ယင်းတို့၏ အရည်အချင်းတိုးတက်မြင့်မားလာစေရန် စီမံဆောင်ရွက်ခြင်း၊

(ဃ) ပြည်တွင်း၊ ပြည်ပရှိ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ သုတေသနဌာနများ၊ တက္ကသိုလ်များ၊ အခြားအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်နိုင်ရန် အစီအစဉ်များ ချမှတ်ခြင်း၊

(င) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းများအတွက် အရည်အသွေး၊ အဆင့်အတန်း ထိန်းသိမ်းမြှင့်တင်ရန် လိုအပ်သောစံချိန်စံညွှန်းများ၊ နည်းပညာဆိုင်ရာ ကျင့်ထုံးများပြုစုရေးနှင့် စပ်လျဉ်း၍ အကြံပြုခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ အသင်းအဖွဲ့များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အဆင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်နိုင်ရေးအတွက် ဦးဆောင်မှုပေးခြင်း၊ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(ဆ) သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုဆိုင်ရာ ပြည်တွင်း၊ ပြည်ပဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ သင်တန်းများ၊ စာတမ်းဖတ်ပွဲများ၊ နှီးနှောဖလှယ်ပွဲများ၊ နှစ်စဉ်ကျင်းပရေးနှင့် တက်ရောက်ရေးတို့ အတွက် အားပေးခြင်း၊

(ဇ) အမျိုးသားအဆင့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဥယျာဉ်၊ ပြတိုက်နှင့် စာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် စီမံဆောင်ရွက်ခြင်း၊

(ဈ) ပြည်တွင်း၊ ပြည်ပ နည်းပညာလွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့သို့ အခါအားလျော်စွာ အကြံပြုတင်ပြခြင်း၊

(ည) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုနယ်ပယ်မှထူးချွန်သော ပညာရှင်များ၊ ဆန်းသစ်တီထွင်သူ များကို သတ်မှတ်ချက်နှင့်အညီ ဆုငွေချီးမြှင့်ခြင်း၊ နိုင်ငံတော်က ဂုဏ်ထူးဆောင်ဘွဲ့နှင့်တံဆိပ်များ ချီးမြှင့်အပ်နှင်းနိုင်ရန် ထောက်ခံတင်ပြခြင်း၊

(ဋ) ကောင်စီအဖွဲ့ရုံးကို လိုအပ်သလိုဖွဲ့စည်းခြင်းနှင့် အဆိုပါရုံးအဖွဲ့အား ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊

(ဌ) ကောင်စီ၏အောက်တွင် သင့်လျော်မည့်သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုနယ်ပယ်တစ်ခုချင်း အလိုက် သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုဆိုင်ရာကော်မတီများဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီ များကို သက်ဆိုင်ရာကောင်စီဝင်တစ်ဦးဦးကဦးဆောင်ပြီး သင့်လျော်မည့်ပညာရှင်များဖြင့် ဖွဲ့စည်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဍ) ကောင်စီသည် သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှု သုတေသနစီမံကိန်းဆိုင်ရာနှစ်စဉ်လိုအပ်မည့် အသုံးစရိတ်များကို အစိုးရဘတ်ဂျက်မှ တောင်းခံနိုင်ရန် တာဝန်ခံဝန်ကြီးဌာနသို့ အကြံပေးခြင်း၊

(ဎ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ရန်ပုံငွေတစ်ရပ်ထူထောင်၍ သုံးစွဲခြင်း၊ စာရင်း ရှင်းလင်းခြင်းနှင့် ထိန်းသိမ်းခြင်းတို့ကို တာဝန်ယူဆောင်ရွက်မည့်အဖွဲ့ ဖွဲ့စည်းခြင်း၊

(ဏ) ကောင်စီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို အစိုးရအဖွဲ့သို့ နှစ်စဉ်တင်ပြခြင်း။

## အခန်း (၅)
## သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ကော်မတီများဖွဲ့စည်းခြင်းနှင့် ယင်းတို့၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၈။ ကောင်စီသည် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ကော်မတီများကို သက်ဆိုင်ရာ ဘာသာရပ်နယ်ပယ်အလိုက် သုတေသနဌာနများ၊ တက္ကသိုလ်များ၊ စက်မှုကုန်ထုတ်လုပ်ငန်းများနှင့် အခြား အဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်းရမည်။

၉။ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ကော်မတီများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ကော်မတီအလိုက် ခေတ်မီသိပ္ပံနှင့်နည်းပညာရပ် များကို အသုံးချဆောင်ရွက်နေမှုများ၊ အခက်အခဲများ၊ ဖွံ့ဖြိုးတိုးတက်လာနေမှု အခြေအနေများကို စိစစ်လေ့လာခြင်း၊ မှတ်တမ်းများပြုစုခြင်း၊ နှစ်စဉ်တိုးတက်ဖွံ့ဖြိုးမှုအစီရင်ခံစာကို ကောင်စီသို့ တင်ပြခြင်း၊

(ခ) ပုဂ္ဂလိကစက်မှုလုပ်ငန်းများအတွက် လိုအပ်သောသုတေသနလုပ်ငန်းများကို ပူးပေါင်းကူညီဆောင်ရွက်ပေးခြင်း၊ နည်းပညာအခက်အခဲများကို ဖြေရှင်းပေးခြင်းနှင့် နည်းပညာအကူအညီများပေးခြင်း၊

(ဂ) နိုင်ငံတကာ နည်းပညာဖွံ့ဖြိုးတိုးတက်မှုတွင် လိုက်ပါဆောင်ရွက်နိုင်စေရေးအတွက် လိုအပ်သောနည်းပညာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အစီအမံများ၊ စီမံချက်များရေးဆွဲခြင်းနှင့် ယင်းအစီအမံနှင့်စီမံချက်များကို ကောင်စီသို့ တင်ပြခြင်း၊

(ဃ) ကောင်စီမှပေးအပ်သော နည်းပညာနယ်ပယ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး၊ သုတေသနနှင့်ဖွံ့ဖြိုးမှုဆိုင်ရာ ဆက်သွယ်ပူးပေါင်းဆောင်ရွက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း၊

(င) သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုဆိုင်ရာ နယ်ပယ်အလိုက် သုတေသနနှင့်ဖွံ့ဖြိုးမှုလုပ်ငန်းများ၊ လူ့စွမ်းအားရင်းအမြစ်များနှင့်တီထွင်ဖန်တီးမှုများတိုးတက်မြင့်မားရေးတို့အတွက် ရန်ပုံငွေထောက်ပံ့ရာတွင် စိစစ်ရွေးချယ်ခြင်း၊ သုတေသနလုပ်ငန်းများ လက်တွေ့ထိရောက်မှု ရှိ၊ မရှိ စိစစ်ခြင်း၊ ထိန်းသိမ်းကွပ်ကဲခြင်းနှင့် အားပေးခြင်း၊

(စ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ နယ်ပယ်အလိုက် ထူးချွန်သောပညာရှင်များ၊ တီထွင်သူများအား ရွေးချယ်သတ်မှတ်ရာတွင် ကောင်စီအား ကူညီဆောင်ရွက်ခြင်း။

## အခန်း (၆)
## သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနဖွဲ့စည်းခြင်း

၁၀။ ၁၉၉၄ ခုနှစ်၊ သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးရေးဥပဒေအရ ဖွဲ့စည်းထားသော မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာနကို သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနအဖြစ် ပြောင်းလဲဖွဲ့စည်းသည်။

၁၁။ ဦးစီးဌာနသည် မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာနပိုင် ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကိုလည်းကောင်း၊ ရပိုင်ခွင့်နှင့်ပေးရန်တာဝန်များကိုလည်းကောင်း ဆက်ခံရမည်။

## အခန်း (၇)
## သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၏ လုပ်ငန်းတာဝန်များ

၁၂။ ဦးစီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အမျိုးသားအဆင့်အရည်အသွေးအခြေခံ အဆောက်အအုံများ ကြံ့ခိုင်အားကောင်းစေရန် ဆောင်ရွက်ခြင်း၊

(ခ) နိုင်ငံတကာအသိအမှတ်ပြု ဓာတ်ခွဲခန်းများဖြင့် အဆင့်မီ ဓာတ်ခွဲစမ်းသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊

(ဂ) ပြန်ပြည့်မြဲစွမ်းအင်နှင့် အီလက်ထရောနစ်နည်းပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဃ) ဓာတုနည်းပညာနှင့် နာနိုနည်းပညာအသုံးချတန်ဖိုးမြှင့် ထုတ်ကုန်ပစ္စည်းများထုတ်လုပ်နိုင်မည့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(င) လူမှုစီးပွားဖွံ့ဖြိုးမှုဆိုင်ရာ အထောက်အကူပြု သတင်းအချက်အလက်များ၊ အကြံဉာဏ်များ ဖော်ထုတ်မျှဝေပေးနိုင်သည့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(စ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ အခြေခံသုတေသနလုပ်ငန်းများ၊ လက်တွေ့အသုံးချသုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဆ) ပြည်တွင်းစက်မှုလုပ်ငန်းများတွင် တွေ့ကြုံရသောကုန်ထုတ်လုပ်မှု နည်းပညာအခက်အခဲနှင့် ပြဿနာများကို ကူညီဖြေရှင်းပေးရေးကို ဦးတည်သည့် ဆန်းသစ်တီထွင်မှုဆိုင်ရာ သုတေသန လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဇ) ဓာတ်ခွဲခန်းအဆင့်တွင် အောင်မြင်ပြီးစီးသော သုတေသနလုပ်ငန်းများကို ကုန်ထုတ်လုပ်မှုအဆင့် ရောက်ရှိစေရန် လိုအပ်သည့်ဖွံ့ဖြိုးမှုအဆင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဈ) စီးပွားဖြစ်ထွန်းမှုအလားအလာရှိသော သယံဇာတပစ္စည်းများ အသုံးချနိုင်မှုကို လေ့လာ ဖော်ထုတ်ခြင်း၊

(ည) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ပြည်တွင်းပြည်ပဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများ နှစ်စဉ်ကျင်းပခြင်း၊ တက်ရောက်ခြင်း၊ ပညာရှင်ဖလှယ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဋ) နည်းပညာလွှဲပြောင်းခြင်းဆိုင်ရာ ကိစ္စရပ်များကို ကောင်စီမှချမှတ်ထားသည့် မူဝါဒနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဌ) အစိမ်းရောင်နည်းပညာဖွံ့ဖြိုးမှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဍ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ အစားအသောက်နှင့်ဆေးဝါးဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဎ) သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုဆိုင်ရာ ဥယျာဉ်နှင့်ပြတိုက်များ တည်ထောင်ဖွင့်လှစ်နိုင်ရေး အတွက် ဆောင်ရွက်ခြင်း၊

(ဏ) သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုဆိုင်ရာ အကြံပေးမှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ သတင်း အချက်အလက်များ ပြုစုထိန်းသိမ်းခြင်းနှင့် ပြန်ကြားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(တ) ကောင်စီ သို့မဟုတ် တာဝန်ခံဝန်ကြီးဌာနက ပေးအပ်သောသိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှု ဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ထ) ကောင်စီ၏ ရုံးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊

(ဒ) ကောင်စီနှင့် ကော်မတီ၏ ရုံးလုပ်ငန်းဆိုင်ရာ ကုန်ကျစရိတ်များနှင့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီနှင့်ကော်မတီဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များကို ဦးစီးဌာနမှကျခံပေးခြင်း၊

(ဓ) ဦးစီးဌာန၏ အထွေထွေစီမံခန့်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

## အခန်း (၈)

## ဘဏ္ဍာရေး

၁၃။ ကောင်စီသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေက ခွင့်ပြုထားသော သုတေသနလုပ်ငန်းဆိုင်ရာ အသုံး စရိတ်များကို တာဝန်ခံဝန်ကြီးဌာနမှ တစ်ဆင့်ရယူရမည်။

၁၄။ ကောင်စီသည် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုး တိုးတက်ရေး၊ ဆန်းသစ်တီထွင်ဖန်တီးမှုများနှင့် ဈေးကွက်စီးပွားရေးကို အထောက်အကူပြုသော သုတေသန လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုရန်ပုံငွေတစ်ရပ် ထူထောင် ရမည်။

၁၅။ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုရန်ပုံငွေကို အောက်ဖော်ပြပါ ရငွေများဖြင့် ထူထောင်ရမည်-

(က) ပြည်တွင်း၊ ပြည်ပ ပုဂ္ဂလိကလုပ်ငန်းရှင်များမှ ထောက်ပံ့ကူညီငွေများ၊

(ခ) နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ထောက်ပံ့ကူညီငွေများ၊

(ဂ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းမှ ရရှိသည့်ငွေကြေးများ။

၁၆။ ကောင်စီက ဖွဲ့စည်းတာဝန်ပေးအပ်သည့် အဖွဲ့သည် ရန်ပုံငွေလက်ခံရယူခြင်း၊ သုံးစွဲခြင်းနှင့်စပ်လျဉ်း၍ တည်ဆဲဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရမည်။

၁၇။ ကောင်စီသည် နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ဝန်ကြီးဌာနများ၏ ဦးစီးဌာနများ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများ၊ ပုဂ္ဂလိကစက်မှုကုန်ထုတ်လုပ်ငန်းများနှင့် အခြားသုတေသနအဖွဲ့အစည်းများအတွက် တစ်ဖက်ပါအမျိုးအစားအလိုက် ရန်ပုံငွေထောက်ပံ့ရေးကို ဆောင်ရွက်နိုင်သည် -

(က) အမျိုးသားအဆင့် သုတေသနလုပ်ငန်းများအတွက် ရန်ပုံငွေထောက်ပံ့ခြင်း၊

(ခ) တီထွင်ဖန်တီးမှုသုတေသနရန်ပုံငွေထောက်ပံ့ခြင်း၊

(ဂ) သုတေသနလုပ်ငန်းများဆောင်ရွက်နေသည့် မျိုးဆက်သစ်လူငယ်များအတွက် ရန်ပုံငွေထောက်ပံ့ခြင်း၊

(ဃ) ယှဉ်ပြိုင်မှု အခြေခံသော သုတေသနရန်ပုံငွေ ထောက်ပံ့ခြင်း၊

(င) ပြည်တွင်း၊ ပြည်ပ သုတေသနပညာတော်သင်ဆုထောက်ပံ့ခြင်း၊

(စ) နိုင်ငံတကာအဆင့်နှင့် အမျိုးသားအဆင့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ညီလာခံများ၊ သင်တန်းများတက်ရောက်ခြင်း၊ ကျင်းပခြင်းများ ပြုလုပ်နိုင်ရန် ထောက်ပံ့ခြင်း။

၁၈။ ကောင်စီသည် သိပ္ပံနှင့် နည်းပညာနယ်ပယ်မှ ထူးချွန်သောပညာရှင်များ၊ ကျောင်းသားကျောင်းသူများနှင့် ဆန်းသစ်တီထွင်ဖန်တီးသူများအား ထိုက်သင့်သည့် ဆုကြေးငွေသတ်မှတ်ပြီး ဆုချီးမြှင့်နိုင်သည်။

## အခန်း (၉)
## နည်းပညာလွှဲပြောင်းရေး

၁၉။ သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းဌာနများ၊ စက်မှုကုန်ထုတ်လုပ်ငန်းများ၊ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများ၏အောင်မြင်သောသုတေသနရလဒ်များ၊ နည်းပညာဆိုင်ရာ အသိပညာများနှင့် တီထွင်မှု မူပိုင်ခွင့်နည်းပညာများကို လွှဲပြောင်းနိုင်သည်။

၂၀။ ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုမှ အခြားပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုသို့ ပုဒ်မ ၁၉ အရ နည်းပညာများကို လွှဲပြောင်းရာတွင် နှစ်ဦးနှစ်ဖက် သဘောတူညီစာချုပ်ချုပ်ဆိုရမည်။

၂၁။ ပုဒ်မ ၂၀ အရ နည်းပညာကို လွှဲပြောင်းရာတွင် အောက်ပါနည်းလမ်းများနှင့်အညီ လွှဲပြောင်းနိုင်သည်-

(က) မည်သူ့ကိုမဆို အခမဲ့ အသုံးပြုခွင့်ပေးခြင်း၊

(ခ) ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပသို့ဖြစ်စေ ရောင်းချခြင်း၊

(ဂ) အခကြေးငွေရယူပြီး နှစ်အကန့်အသတ်ဖြင့် အသုံးပြုခွင့်ပေးခြင်း၊

(ဃ) အသုံးပြု၍ရရှိလာသော အကျိုးအမြတ်ပေါ်မူတည်၍ ရာခိုင်နှုန်းဖြင့် အသုံးပြုခွင့်ပေးခြင်း။

၂၂။ ပြည်ပသို့လည်းကောင်း၊ ပြည်တွင်း၌လည်းကောင်း နည်းပညာလွှဲပြောင်းခြင်းနှင့်သက်ဆိုင်သော စည်းကမ်းချက်များသည် ကောင်စီကချမှတ်ထားသော စည်းကမ်းချက်များ၊ တည်ဆဲဥပဒေတို့နှင့်အညီ ဖြစ်စေရမည်။

၂၃။ ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုက နည်းပညာလွှဲပြောင်းရာတွင် သက်ဆိုင်ရာတီထွင်သူ သို့မဟုတ် လွှဲပြောင်းပေးသည့် နည်းပညာကို ဆန်းသစ်တီထွင်ဖော်ထုတ်ခဲ့သည့် အဓိကပါဝင်သူများ၏ သဘောတူ ခွင့်ပြုချက်ရယူရမည်။

၂၄။ နည်းပညာလွှဲပြောင်းရေးဆိုင်ရာ နှစ်ဦးနှစ်ဖက် သဘောတူစာချုပ်ကို သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ ဦးစီးဌာနတွင် ဖွင့်လှစ်ထားသော နည်းပညာလွှဲပြောင်းရေးဌာန၌ မှတ်ပုံတင်ရမည်။

၂၅။ နှစ်ဦးနှစ်ဖက် သဘောတူစာချုပ်ချုပ်ဆိုရာတွင် ကောင်စီကချမှတ်ထားသော စည်းကမ်းချက်များနှင့် တည်ဆဲဥပဒေတို့ကို လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၁၀)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၆။ နှစ်ဦးနှစ်ဖက်သဘောတူညီချက် စာချုပ်ချုပ်ဆို လွှဲပြောင်းထားသော နည်းပညာကို နည်းပညာပိုင်ဆိုင်သူ၊ လွှဲပြောင်းရယူသူများ၏ သဘောတူညီချက်မရှိဘဲ မည်သူမဆို အသုံးပြုခြင်း၊ ရောင်းချခြင်းတို့ကို ပြုလုပ်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းနှစ်ရာထက် မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၇။ မည်သူမဆို နည်းပညာလွှဲပြောင်းရေးဆိုင်ရာ နှစ်ဦးနှစ်ဖက် သဘောတူညီချက်စာချုပ်ကို မမှန်မကန် ချုပ်ဆိုခြင်း သို့မဟုတ် ချုပ်ဆိုစေခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုတစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းသုံးရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၈။ နည်းပညာလွှဲပြောင်းရေးဆိုင်ရာ နှစ်ဦးနှစ်ဖက် သဘောတူညီချက်စာချုပ်ပါ စည်းကမ်းများကို ဖောက်ဖျက်ကျူးလွန်သူအား နစ်နာသူက သက်ဆိုင်ရာဥပဒေအရ အရေးယူနိုင်သည်။

## အခန်း (၁၁)
## ပူးပေါင်းဆောင်ရွက်ခြင်း

၂၉။ ကောင်စီသည် ပြည်တွင်း၊ ပြည်ပရှိသုတေသနဌာနများ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများ၊ စက်မှုကုန်ထုတ်လုပ်ငန်းများနှင့် အခြားအဖွဲ့အစည်းများအချင်းချင်း နည်းပညာဆိုင်ရာ ဆက်သွယ်ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းအစီအစဉ်များ ချမှတ်ရမည်။

၃၀။ ကောင်စီသည် ပြည်ပရောက် မြန်မာနိုင်ငံသားသိပ္ပံပညာရှင်များနှင့် နိုင်ငံတကာသိပ္ပံပညာရှင်များကို မြန်မာနိုင်ငံ၏ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းများတွင် ပါဝင်လာစေရန် လိုအပ်သော အစီအစဉ်များချမှတ်ခြင်းနှင့် စည်းရုံးဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ရမည်။

## အခန်း (၁၂)
## အထွေထွေ

၃၁။ ၁၉၉၄ ခုနှစ်၊ သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးရေးဥပဒေအရ ထုတ်ပြန်ခဲ့သော အမိန့်များ၊ ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၃၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) တာဝန်ခံဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေများ စည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ကောင်စီနှင့် ဦးစီးဌာနသည် လိုအပ်သောအမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၃၃။ ၁၉၉၄ ခုနှစ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ပြဋ္ဌာန်းခဲ့သော သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးရေးဥပဒေ (၅/၉၄) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၀၂/၂၀၁၅)

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်

( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက် )

### မြေသိမ်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **မြေသိမ်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း** အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန် ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## မြေသိမ်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်    ။)

၁၃၇၆ ခုနှစ်၊            လ    ရက်

( ၂၀၁၅ ခုနှစ်၊            လ    ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ မြေသိမ်းအက်ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်း အစားထိုးရမည် -

(e) the expression ''Company" means a public company constituted under the Myanmar Companies Act and includes a society registered by any other law, which is not a private company.

၂။ မြေသိမ်းအက်ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (၂) တွင်ပါရှိသော ''at least forty-eight hours' notice" ဆိုသည့်စကားရပ်ကို "at least seventy-two hours' notice" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ မြေသိမ်းအက်ဥပဒေပုဒ်မ ၂၃၊ ပုဒ်မခွဲ (၁)တွင်ပါရှိသော "the market value of the land" ဆိုသည့် စကားရပ်ကို "the market value of the land or three years average value of a similar land which exists surrounding it; whichever is more" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄။ မြေသိမ်းအက်ဥပဒေပုဒ်မ ၄၆ တွင်ပါရှိသော "for any term not exceeding one month, or to fine not exceeding fifty rupees, or to both" ဆိုသည့်စကားရပ်ကို "for any term not exceeding three months, or to fine not exceeding three hundred thousand kyats or to both" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၁၅)

၁၃၇၇ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက်

( ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက် )

၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၁၅) ၏ သဘောတူခွင့်ပြုချက်အရ ပြည်ထောင်စု

လွှတ်တော်ရုံး ဖွဲ့စည်းပုံကို အရာထမ်းရာထူး (၁၂၁) နေရာ၊ အမှုထမ်းရာထူး (၄၆၉) နေရာ၊ စုစုပေါင်းရာထူး (၅၉၀) နေရာဖြင့် ဖွဲ့စည်းထားရာမှ အရာထမ်းရာထူး (၁၂၄) နေရာ၊ အမှုထမ်းရာထူး (၄၈၁) နေရာ၊ စုစုပေါင်းရာထူး (၆၀၅) နေရာဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(ပုံ) သူရရွှေမန်း
နာယက
ပြည်ထောင်စုလွှတ်တော်

**[ ယခင်အပတ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ကြေညာချက်အမှတ် (၂၄/၂၀၁၅)၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များ သတ်မှတ်ကြေညာခြင်းမှအဆက် ]**

## ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် သတ်မှတ်ထားသည့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များ (ဧရာဝတီတိုင်းဒေသကြီး)

| စဉ် | မဲဆန္ဒနယ်အမှတ် | တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်တွင်ပါဝင်သည့် နယ်မြေများစာရင်း |
|---|---|---|
| ၁၀ | ကျုံပျော်မြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) | ၁။ ပင်လုံရပ်ကွက်(ကျုံပျော်မြို့)၊ ၂။ မြဝတီရပ်ကွက်(ကျုံပျော်မြို့)၊ ၃။ အမှတ်(၂) ရပ်ကွက်(အထောင်မြို့)၊ ၄။ အမှတ်(၃)ရပ်ကွက်(အထောင်မြို့)၊ ၅။ အစုကြီး ကျေးရွာအုပ်စု၊ ၆။ ကျိုက်ပါကျေးရွာအုပ်စု၊ ၇။ သာယာကုန်းကျေးရွာအုပ်စု၊ ၈။ သစ်မသိကျေးရွာအုပ်စု၊ ၉။ မန်းကြာကျေးရွာအုပ်စု၊ ၁၀။ ကြက်တညင်ကျေးရွာ အုပ်စု၊ ၁၁။ သိန်ကုန်းကျေးရွာအုပ်စု၊ ၁၂။ ကွဲခြံဒေါင့်ကျေးရွာအုပ်စု၊ ၁၃။ သင်တော ကြီးကျေးရွာအုပ်စု၊ ၁၄။ ပျဉ်းကတိုးကုန်းကျေးရွာအုပ်စု၊ ၁၅။ အင်းမကျေးရွာအုပ်စု၊ ၁၆။ အင်းရဲကျေးရွာအုပ်စု၊ ၁၇။ သရက်ချိုကျေးရွာအုပ်စု၊ ၁၈။ သဖန်းချောင်း ကျေးရွာအုပ်စု၊ ၁၉။ ရွှေကညင်ပင်ကျေးရွာအုပ်စု၊ ၂၀။ ဝက်ချောင်းကျေးရွာအုပ်စု၊ ၂၁။ ကျွန်းအင်းကျေးရွာအုပ်စု၊ ၂၂။ ကံစုကျေးရွာအုပ်စု၊ ၂၃။ လှည်းဆိပ်ကျေးရွာ အုပ်စု၊ ၂၄။ တိုက်ကျေးရွာအုပ်စု၊ ၂၅။ မကျီးကုန်းကျေးရွာအုပ်စု၊ ၂၆။ မိချောင်းအိုင် ကျေးရွာအုပ်စု၊ ၂၇။ ဇရပ်ကွင်းကျေးရွာအုပ်စု၊ ၂၈။ သရက်သုံးပင်ကျေးရွာအုပ်စု၊ ၂၉။ ရေစခန်းကျေးရွာအုပ်စု၊ ၃၀။ အိုင်ကြီးကျေးရွာအုပ်စု၊ ၃၁။ မန်းစက္ကူကျေးရွာ အုပ်စု၊ ၃၂။ ကွင်းခြောက်ကျေးရွာအုပ်စု၊ ၃၃။ ကျုံတနီးကျေးရွာအုပ်စု၊ ၃၄။ ဘော ဇုတ်ကျေးရွာအုပ်စု၊ ၃၅။ ခနော်ကျေးရွာအုပ်စု၊ ၃၆။ ငါးအိုက်ကွင်းကျေးရွာအုပ်စု၊ ၃၇။ မြို့ချောင်းကျေးရွာအုပ်စု၊ ၃၈။ ဇင်ပြွန်းကျေးရွာအုပ်စု၊ ၃၉။ မလှပန်းကျေးရွာ အုပ်စု၊ ၄၀။ ကွဲတလင်းကျေးရွာအုပ်စု၊ ၄၁။ အိုင်မကျေးရွာအုပ်စု၊ ၄၂။ ဂနိမ်း ကျေးရွာအုပ်စု၊ ၄၃။ ဆင်ကောင်းကျေးရွာအုပ်စု၊ ၄၄။ အိက္ကဒွတ်ကျေးရွာအုပ်စု၊ ၄၅။ ကွင်းလျားကျေးရွာအုပ်စု၊ ၄၆။ သဲဖြူအလယ်ကျေးရွာအုပ်စု၊ ၄၇။ ငါးကျီးထူ ကျေးရွာအုပ်စု၊ ၄၈။ ကျောင်းစုကျေးရွာအုပ်စု၊ ၄၉။ ကွင်းကြီးကျေးရွာအုပ်စု။ |
| ၁၁ | ရေကြည်မြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) | ၁။ အောင်ဆန်းရပ်ကွက်(ရေကြည်မြို့)၊ ၂။ နေဝင်းရပ်ကွက်(ရေကြည်မြို့)၊ ၃။ ဗထူးရပ်ကွက်(ရေကြည်မြို့)၊ ၄။ ဆရာစံရပ်ကွက်(ရေကြည်မြို့)၊ ၅။ မြို့မရပ်ကွက် (ရေကြည်မြို့)၊ ၆။ အမှတ်(၁)ရပ်ကွက်(အသုတ်မြို့)၊ ၇။ အမှတ်(၂)ရပ်ကွက်(အသုတ် မြို့)၊ ၈။ အမှတ်(၃)ရပ်ကွက်(အသုတ်မြို့)၊ ၉။ အမှတ်(၄)ရပ်ကွက်(အသုတ်မြို့)၊ ၁၀။ အမှတ်(၅)ရပ်ကွက်(အသုတ်မြို့)၊ ၁၁။ အင်းလျှားကုန်းကျေးရွာအုပ်စု၊ ၁၂။ ဆီဆုံကုန်းကျေးရွာအုပ်စု၊ ၁၃။ တောင်လဟာကျေးရွာအုပ်စု၊ ၁၄။ ကျားချောင် ကျေးရွာအုပ်စု၊ ၁၅။ ဘုရားကုန်းကျေးရွာအုပ်စု၊ ၁၆။ ရေသိုးကျေးရွာအုပ်စု၊ ၁၇။ ဝက်ရပ်ကျေးရွာအုပ်စု၊ ၁၈။ ကန်ချောင်ကျေးရွာအုပ်စု၊ ၁၉။ ကျုံမရမ်းကျေးရွာ အုပ်စု၊ ၂၀။ ကွင်းသုံးဆင့်ကျေးရွာအုပ်စု၊ ၂၁။ ချောင်းဖျားကျေးရွာအုပ်စု၊ ၂၂။ |

| စဉ် | မဲဆန္ဒနယ်အမှတ် | တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်တွင်ပါဝင်သည့် နယ်မြေများစာရင်း |
|---|---|---|
| | | ကျွဲတလင်းကျေးရွာအုပ်စု၊ ၂၃။ နတ်စင်ကွင်းကျေးရွာအုပ်စု၊ ၂၄။ ကျုံဖါးရိုးကျေးရွာအုပ်စု၊ ၂၅။ ညောင်ငူလက်ခုတ်ကျေးရွာအုပ်စု၊ ၂၆။ ထန်းကျွန်းဆိပ်သာကျေးရွာအုပ်စု၊ ၂၇။ ဝက်လာကျေးရွာအုပ်စု၊ ၂၈။ ဒေါင့်ကြီးရိုးမဒ္ဒေါကျေးရွာအုပ်စု၊ ၂၉။ တိုက်စွန်းအောက်အင်းကျေးရွာအုပ်စု၊ ၃၀။ ညောင်ပင်သာကျေးရွာအုပ်စု၊ ၃၁။ သရက်ကုန်းကျေးရွာအုပ်စု၊ ၃၂။ ဝါးရုံလဟာကျေးရွာအုပ်စု၊ ၃၃။ ဒိုးကုန်းကျေးရွာအုပ်စု၊ ၃၄။ ဆပ်ကွင်းကျေးရွာအုပ်စု၊ ၃၅။ ကိုင်းချောင်းကျေးရွာအုပ်စု၊ ၃၆။ ယိုးဒယားဒက်ကျေးရွာအုပ်စု၊ ၃၇။ သစ်ကုတ္တတောင်ကျေးရွာအုပ်စု၊ ၃၈။ တောင်လယ်ကျေးရွာအုပ်စု၊ ၃၉။ သံဒင်းကျေးရွာအုပ်စု၊ ၄၀။ သဃ်န်းဒေါင့်ကျေးရွာအုပ်စု၊ ၄၁။ ကြာကန်ကျေးရွာအုပ်စု၊ ၄၂။ ကွမ်းသီးချောင်းကျေးရွာအုပ်စု၊ ၄၃။ ပန်းဇံကွင်းကျေးရွာအုပ်စု၊ ၄၄။ ကွင်းကြီးကျေးရွာအုပ်စု၊ ၄၅။ မကြီးလဟာကျေးရွာအုပ်စု၊ ၄၆။ နွားရေတိုက်ကျေးရွာအုပ်စု၊ ၄၇။ ဖက်သလက်ကျေးရွာအုပ်စု၊ ၄၈။ သခွတ်ကုန်းကျေးရွာအုပ်စု၊ ၄၉။ ရုံးတုံးကျေးရွာအုပ်စု၊ ၅၀။ ဘုရားငူကျေးရွာအုပ်စု၊ ၅၁။ အကယ်ကြီးကြို့ကုန်းကျေးရွာအုပ်စု၊ ၅၂။ ငှက်သိုက်ကျေးရွာအုပ်စု ၅၃။ ဇရပ်လှကျေးရွာအုပ်စု၊ ၅၄။ ပဒေါက်ချောင်းကျေးရွာအုပ်စု၊ ၅၅။ ကျုံပဒုတ်ကျေးရွာအုပ်စု၊ ၅၆။ ကညင်ဂွကျေးရွာအုပ်စု၊ ၅၇။ နတ်စင်ငူကျေးရွာအုပ်စု၊ ၅၈။ ညောင်ငူကျေးရွာအုပ်စု၊ ၅၉။ တွတ်ပလွတ်ကျေးရွာအုပ်စု။ |
| ၁၂ | ရေကြည်မြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) | ၁။ ရှေ့ဆောင်ရပ်ကွက်(ငသိုင်းချောင်းမြို့)၊ ၂။ မြို့မရပ်ကွက်(ငသိုင်းချောင်းမြို့)၊ ၃။ ငဝန်ရပ်ကွက်(ငသိုင်းချောင်းမြို့)၊ ၄။ သောင်တန်း(အောင်ဆန်း)ရပ်ကွက်(ငသိုင်းချောင်းမြို့)၊ ၅။ မြို့သစ်ရပ်ကွက်(ငသိုင်းချောင်းမြို့)၊ ၆။ ရွှေဘိုရပ်ကွက်(ငသိုင်းချောင်းမြို့)၊ ၇။ မျက်တိုကျေးရွာအုပ်စု၊ ၈။ ကုန်းပြင်ကျေးရွာအုပ်စု၊ ၉။ မိဿလင်ကျေးရွာအုပ်စု၊ ၁၀။ ဝွေးတောက်ကျေးရွာအုပ်စု၊ ၁၁။ သောင်ကြီးကျေးရွာအုပ်စု၊ ၁၂။ မြစ်ဆယ်ကျေးရွာအုပ်စု ၁၃။ မအူကုန်းကျေးရွာအုပ်စု၊ ၁၄။ ဒေါင့်ကြီးဘက်ကျေးရွာအုပ်စု၊ ၁၅။ သရက်ချောင်းကျေးရွာအုပ်စု၊ ၁၆။ ကွင်းချောင်းကျေးရွာအုပ်စု၊ ၁၇။ ဖန်ခါးပင်ကျေးရွာအုပ်စု၊ ၁၈။ ညောင်ပင်သာကျေးရွာအုပ်စု၊ ၁၉။ ကွင်းကြီးသဘော့ကျေးရွာအုပ်စု၊ ၂၀။ ကွင်းလျှားကျေးရွာအုပ်စု ၂၁။ ဘုရားကုန်းကျေးရွာအုပ်စု၊ ၂၂။ ကမ်းနီကျေးရွာအုပ်စု၊ ၂၃။ အဖန်ရေယာဉ်ကျေးရွာအုပ်စု၊ ၂၄။ ကွင်းပေါက်ကျေးရွာအုပ်စု၊ ၂၅။ ကြို့ကုန်းကျေးရွာအုပ်စု၊ ၂၆။ ချင်းကွင်းကျေးရွာအုပ်စု၊ ၂၇။ ညောင်မှော်ကျေးရွာအုပ်စု၊ ၂၈။ ကက္ကူကြီးကျေးရွာအုပ်စု၊ ၂၉။ ကက္ကူလေးကျေးရွာအုပ်စု၊ ၃၀။ လက်ပံပင်ကျေးရွာအုပ်စု၊ ၃၁။ ကျောက်ချောင်းကျေးရွာအုပ်စု၊ ၃၂။ သက္ကယ်ပြင်ကျေးရွာအုပ်စု၊ ၃၃။ ရွာသစ်ကြီးကျေးရွာအုပ်စု၊ ၃၄။ ပန်းပုကွင်းကျေးရွာအုပ်စု၊ ၃၅။ ဒေါင့်ကြီးကျေးရွာအုပ်စု၊ ၃၆။ ရေနံ့သာကျေးရွာအုပ်စု၊ ၃၇။ ဘုတ်ချောင်းကျေးရွာအုပ်စု၊ ၃၈။ ကျပ်ကွင်းကျေးရွာအုပ်စု၊ ၃၉။ ရင်းရှည်ကျေးရွာအုပ်စု၊ ၄၀။ နှောကုန်းကျေးရွာအုပ်စု၊ ၄၁။ ဘွဲ့ငူကျေးရွာအုပ်စု၊ ၄၂။ ကညင်ငူကျေးရွာအုပ်စု၊ ၄၃။ သစ်ဖြူပင်ကျေးရွာအုပ်စု၊ ၄၄။ မရင်းကူးကျေးရွာအုပ်စု။ |
| ၁၃ | ကျောင်းကုန်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) | ၁။ မြောက်ပိုင်းရပ်ကွက်(ကျောင်းကုန်းမြို့)၊ ၂။ တောင်ပိုင်းရပ်ကွက်(ကျောင်းကုန်းမြို့)၊ ၃။ ကိုင်းတာကျေးရွာအုပ်စု၊ ၄။ တံခွန်တိုင်ကျေးရွာအုပ်စု၊ ၅။ သစ်ဆိမ့်ကုန်းကျေးရွာအုပ်စု၊ ၆။ မိုးပြာအရှေ့ကျေးရွာအုပ်စု၊ ၇။ ဖြိုက်ကျေးရွာအုပ်စု၊ ၈။ ဇရပ်ကွင်းကျေးရွာအုပ်စု၊ ၉။ ကညင်သုံးဆင့်ကျေးရွာအုပ်စု၊ ၁၀။ မင်းမနိုင်ကျေးရွာအုပ်စု၊ ၁၁။ ကောက်ကြီးကုန်းကျေးရွာအုပ်စု၊ ၁၂။ ဖုန်းဆိုးကျေးရွာအုပ်စု၊ ၁၃။ ထောက်ရှာကျေးရွာအုပ်စု၊ ၁၄။ ရှမ်းကျေးရွာအုပ်စု၊ ၁၅။ ရေဂလုတ်ကျေးရွာအုပ်စု၊ ၁၆။ |

| စဉ် | မဲဆန္ဒနယ်အမှတ် | တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်တွင်ပါဝင်သည့် နယ်မြေများစာရင်း |
|---|---|---|
| | | ဗလီဒေါင့်ကျေးရွာအုပ်စု၊ ၁၇။ ကျားကိုက်ကျေးရွာအုပ်စု၊ ၁၈။ တက်ဆိပ်ကျေးရွာအုပ်စု၊ ၁၉။ ဒိုးတန်းကျေးရွာအုပ်စု၊ ၂၀။ ချောင်ကြီးကျေးရွာအုပ်စု၊ ၂၁။ သောင်ကြီးကျေးရွာအုပ်စု၊ ၂၂။ ဒေါင့်ကွေးကျေးရွာအုပ်စု၊ ၂၃။ ပေါက်ငူကျေးရွာအုပ်စု၊ ၂၄။ ဘုရားကြီးကုန်းကျေးရွာအုပ်စု၊ ၂၅။ ကြာဂရက်ကျေးရွာအုပ်စု၊ ၂၆။ မကျီးချောင်ကျေးရွာအုပ်စု၊ ၂၇။ ဒေါင့်ကြီးကျေးရွာအုပ်စု၊ ၂၈။ ရုံးပင်ကျေးရွာအုပ်စု၊ ၂၉။ ကိုင်းဝိုင်းကျေးရွာအုပ်စု၊ ၃၀။ ဆောက်အိုင်ကျေးရွာအုပ်စု၊ ၃၁။ ဆင်ကူးကျေးရွာအုပ်စု၊ ၃၂။ ရုံးတောကျေးရွာအုပ်စု၊ ၃၃။ အရှေ့ချောင်းကျေးရွာအုပ်စု၊ ၃၄။ လိပ်ပုတ်ကျေးရွာအုပ်စု၊ ၃၅။ ဆိပ်သာကျေးရွာအုပ်စု၊ ၃၆။ ကျုံတာကျေးရွာအုပ်စု။ |
